တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၉) ရက်မြောက်နေ့ (၁၆-၁၁-၂၀၂၆)

မေးမြန်းခဲ့သော မေးခွန်းများနှင့် ဖြေကြားချက်အကျဉ်းချုပ်

စဉ်	မေးခွန်း	အဖြေ
၁	**ဦးလှဆွေ၊ ပုဗ္ဗသီရိမဲဆန္ဒနယ်**က တပ်ကုန်းမြို့နယ် အောင်မြေရိပ်သာ-နောင်ဘိုအိုး-ကံကြီး ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**က ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လမ်းအရှည် (၂) မိုင်အား ကွန်ကရစ်ခင်းရန် လျာထားတင်ပြထားပြီး ကျန်လမ်းပိုင်းကို ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။
၂	**နန်းကျင်း (ခ) နန်းစိန်၊ တောင်ကြီးမဲဆန္ဒနယ်**က အမျိုးသမီးထု၏ ဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒ၊ ဥပဒေ၊ စီမံကိန်းများ ချမှတ်ထားရှိမှုနှင့် (IDP)စခန်းများရှိ အမျိုးသမီးများ၏လုံခြုံရေးအတွက် အရေးပေါ်စီမံကိန်းများ မည်သို့ချမှတ်ထားသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်း၍ မေးမြန်းပါသည်။	**အမျိုးသမီးရေးရာဝန်ကြီးဌာန**က အမျိုးသမီးများဘဝ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒ(၅)ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကာကွယ်တားဆီးရေးဥပဒေကို ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် မိတ်ဖက်များပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားပါသည်။
၃	**ဦးသန်းထွန်းဦး၊ ကျိုင်းတုံမဲဆန္ဒနယ်**က ကျိုင်းတုံမြို့နယ်၊ လွယ်မွေဒေသရှိ ကျေးရွာပေါင်း (၁၉) ရွာတွင် စိုက်ပျိုးရေးနှင့် သောက်သုံးရေရရှိရေးအတွက် နောင်လျှန်လျှိုပိတ်တမံ တည်ဆောက်ပေးရန် မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်း၍ မေးမြန်းပါသည်။	**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**က အကြုံပြုဆင်ခြင်းနှင့် စက်ယန္တရားများ အကြီးစားပြင်ဆင်ခြင်းကို ယခုနှစ်တွင်ဆောင်ရွက်သွားမည်ဖြစ်ပြီး တမံတည်ဆောက်ခြင်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။

စဉ်	မေးခွန်း	အဖြေ
၄	**ဦးခင်မောင်သန်း၊ ကလေးမဲဆန္ဒနယ်**က ကလေးခရိုင် ပြည်သူ့အားကစားကွင်းအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို မည်သည့် ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်း၍ မေးမြန်းပါသည်။	**အားကစားရေးရာဝန်ကြီးဌာန**က ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ဖူဆယ်အားကစားရုံတည်ဆောက်ခြင်းနှင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တွင် အထူးတန်းပွဲကြည့်စင်နှင့် ခန်းမပြုပြင်ခြင်းလုပ်ငန်းများကို လျာထားတင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။
၅	**ဦးအောင်မျိုးသန်း၊ ကော့မှူးမဲဆန္ဒနယ်**က ကော့မှူးမြို့နယ်၊ ပြည်သူ့အားကစားကွင်းတွင် ပွဲကြည့်စင်၊ စားရိပ်သာနှင့် အိမ်သာတို့အား တိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်းနှင့်စပ်လျဉ်း၍ မေးမြန်းပါသည်။	**အားကစားရေးရာဝန်ကြီးဌာန**က ပွဲကြည့်စင် (၂) ခုနှင့် (၆) ခန်းတွဲသန့်စင်ခန်းတစ်လုံးတည်ဆောက်ခြင်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ရန်ပုံငွေတွင် တင်ပြတောင်းခံ၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။
၆။	**ဦးအောင်ကျော်သူ၊ မလှိုင်မဲဆန္ဒနယ်**က ပြင်းထန်အယ်နီညိုဖြစ်ပေါ်နေသည့် ကာလအတွင်း ရာသီဥတုဆိုးရွားစွာ ပြောင်းလဲဖြစ်ပေါ်နေမှုများမှ ကြိုတင်ကာကွယ်ရေး စီမံဆောင်ရွက်ထားရှိမှုများနှင့် လူထုအခြေပြု ပါဝင်ဆောင်ရွက်နိုင်ရေး အသိပေးကြော်ငြာထုတ်ပြန်မည့် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်းနှင့်စပ်လျဉ်း၍ မေးမြန်းပါသည်။	**ကျန်းမာရေးဝန်ကြီးဌာန**က အရေးပေါ်အခြေအနေများတွင် လျင်မြန်ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေး မြို့နယ်အဆင့်အထိ ကွင်းဆင်းအဖွဲ့ (RRTs) ၁၅၆၂ ဖွဲ့ ဖွဲ့စည်းထားပြီး သောက်ရေနှင့် သုံးရေ ပြတ်လပ်မှုမရှိစေရေးနှင့် လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိပါကြောင်း ဖြေကြားပါသည်။
၇။	**ဦးသက်ပုံ၊ စစ်ကိုင်းမဲဆန္ဒနယ်**က စစ်ကိုင်းမြို့၊ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးဝန်ထမ်းများ ခန့်ထားပေးရန်၊ ဓာတ်လှေကားနှင့်	**ကျန်းမာရေးဝန်ကြီးဌာန**က သစ်လွင်သူနာပြုများခန့်ထားချိန်တွင် လိုအပ်ချက်နှင့်ခွဲတမ်းရရှိမှုအပေါ်မူတည်၍ ခန့်ထားပေးမည်ဖြစ်ကြောင်းနှင့် ဓာတ်လှေကား

စဉ်	မေးခွန်း	အဖြေ
	Oxygen Plant တို့အား အမြန်ပြုပြင်လဲလှယ်ပေးရန် အစီအစဉ် ရှိမရှိ သိရှိလိုခြင်းနှင့်စပ်လျဉ်း၍ မေးမြန်းပါသည်။	နှင့် Oxygen Plant အား ယခုဘဏ္ဍာနှစ်တွင် ပြုပြင်ပေးရန်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါသည်။
၈။	**ဦးသိန်းရီ၊ ထန်းတပင်မဲဆန္ဒနယ်**က ထန်းတပင်မြို့နယ်၊ မရွေဥကျေးရွာအနီးတွင် မြေနှင့် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အဆောက်အဦလှူဒါန်းမည်ဖြစ်ပါသဖြင့် ခွင့်ပြုမိန့်ဆောင်ရွက်ပေးရန်နှင့် ဆောက်လုပ်ပြီးပါက ဝန်ထမ်းနှင့်ပစ္စည်းအင်အား ကာကွယ်စောင့်ရှောက်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်းနှင့်စပ်လျဉ်း၍ မေးမြန်းပါသည်။	**ကျန်းမာရေးဝန်ကြီးဌာန**က မရွေဥကျေးရွာသည် ရေစိုကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ၁.၅ မိုင်သာ ကွာဝေးသည့်အတွက် ဌာနခွဲအသစ်ဖွင့်လှစ်ပေးရန် မလိုအပ်သေးပါကြောင်းနှင့် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းဖွင့်လှစ်လိုပါက လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြလျှောက်ထားနိုင်ပါကြောင်း ဖြေကြားပါသည်။
၉။	**ဦးနေလင်းအောင်၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်**က မြောက်ဥက္ကလာပမြို့နယ်တွင် ဓာတ်အားခွဲရုံအသစ်တစ်လုံးအား မည်သည့်ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်း၍ မေးမြန်းပါသည်။	**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**က ဝေဘာဂီဓာတ်အားခွဲရုံ အဆင့်မြှင့်တင်ခြင်း၊ ရွှေပေါက်ကံဓာတ်အားခွဲရုံ တိုးချဲ့တည်ဆောက်ခြင်းနှင့် ဓာတ်အားလိုင်းများ တည်ဆောက်ခြင်းတို့ကို NEDA ချေးငွေဖြင့် ဆောင်ရွက်ရန် စီမံထားရှိပါကြောင်း ဖြေကြားပါသည်။
၁၀။	**ဦးတင်ရွှေ၊ ရွှေတောင်မဲဆန္ဒနယ်**က ရွှေတောင်မြို့နယ်၊ ပြည်တောင်တန်းရေနံမြေ-ကွေ့မအုပ် ဆိပ်ကမ်းလမ်းအား အဆင့်မြှင့်တင်ပေးမည်ဆိုပါက ဒေသခံပြည်သူများက ကူညီပေးလိုပါသဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်းနှင့်စပ်လျဉ်း၍ မေးမြန်းပါသည်။	**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**က ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်မရှိပါကြောင်းနှင့် မြေသားလမ်းထိန်းသိမ်းပြုပြင်ခြင်းနှင့် ကျောက်ခင်းလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ပြည်သူများနှင့်ပူးပေါင်းပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။

စဉ်	မေးခွန်း	အဖြေ
၁၁။	**ဦးသန်းရွှေ၊ သံဖြူဇရပ်မဲဆန္ဒနယ်**က မွန်ပြည်နယ်ရှိ လယ်ယာကဏ္ဍများ၊ စက်ရုံ၊ အလုပ်ရုံများ၊ ငါးဖမ်းစက်လှေများအတွက် စက်သုံးဆီကို တစ်မြို့နယ်လျှင် တစ်ဆိုင် သီးသန့်ရောင်းချပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်းနှင့်စပ်လျဉ်း၍ မေးမြန်းပါသည်။	**လှုပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**က လယ်ယာကဏ္ဍအတွက် အသုံးပြုရန် စက်သုံးဆီများအား ရေနံဓာတုဗေဒစက်ရုံ (သံပုရာကန်) ၏ လက်ကျန်အခြေအနေအပေါ်မူတည်၍ ရောင်းချပေးလျက်ရှိပါကြောင်းနှင့် စက်သုံးဆီအရောင်းဆိုင်များတွင်လည်း စက်ရုံ၊ အလုပ်ရုံနှင့် ငါးဖမ်းစက်လှေများအတွက် ခွဲဝေရောင်းချပေးလျက်ရှိပါကြောင်း ဖြေကြားပါသည်။
၁၂။	**ဦးစိုင်းကံ၊ မိုင်းရှားမဲဆန္ဒနယ်**က မိုင်းရှားမြို့ရှိ နိုင်ငံ့ဝန်ထမ်းများနေထိုင်ရေးအတွက် RC(၄)ထပ်ဆောင် (၁)လုံးကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်း၍ မေးမြန်းပါသည်။	**ဆောက်လုပ်ရေးဝန်ကြီးဌာန**က မြေနေရာရရှိရေးအတွက် ကနဦးဆောင်ရွက်ရမည်ဖြစ်ပြီး ဝန်ထမ်းအိမ်ရာ လိုအပ်ချက်ကိုစိစစ်၍ ရန်ပုံငွေလျာထားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။
၁၃။	**ဦးရန်ကျော်၊ မက်မန်းမဲဆန္ဒနယ်**က မက်မန်းမြို့တွင် အရာထမ်းအိမ်ရာ(၁)လုံးနှင့် အမှုထမ်းအိမ်ရာ (၂)လုံးတို့အား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်းနှင့်စပ်လျဉ်း၍ မေးမြန်းပါသည်။	**ဆောက်လုပ်ရေးဝန်ကြီးဌာန**က မြေနေရာရရှိပြီးပါက အိမ်ရာအခက်အခဲရှိသော ဝန်ထမ်းများအတွက် နှစ်အလိုက် ခွင့်ပြုရန်ပုံငွေအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လတ်တလောတွင် လျာထားဆောင်ရွက်နိုင်ခြင်းမရှိပါကြောင်း ဖြေကြားပါသည်။
၁၄။	**ဦးတင်အောင်ချစ်၊ အောင်လံမဲဆန္ဒနယ်**က အောင်လံခရိုင်အတွင်း ရန်ကုန်-ပြည်-မန္တလေးလမ်းပိုင်းများအား စာချုပ်ပါအတိုင်း မည်ကဲ့သို့ ပြုပြင်ထိန်းသိမ်းလျက်ရှိပြီး မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်သွားမည်နှင့် ပျက်စီးနေသည့်လမ်းပိုင်းများအား အမြန်ဆုံးပြုပြင်နိုင်ရေး မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်း၍ မေးမြန်းပါသည်။	**ဆောက်လုပ်ရေးဝန်ကြီးဌာန**က ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများအား နှစ်စဉ်စီမံချက်ရေးဆွဲ၍ ဆောင်ရွက်လျက်ရှိပြီး စီမံချက်များအတိုင်း ပြီးစီးအောင် လမ်းဦးစီးဌာန၊ ခရိုင်၊ မြို့နယ်အဆင့်ဆင့်က အနီးကပ်ညွှန်ကြား၍ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါသည်။

စဉ်	မေးခွန်း	အဖြေ
၁၅။	**ဦးစိုင်းကျော်လှ၊ ကွန်ဟိန်းမဲဆန္ဒနယ်**က ကွန်ဟိန်းမြို့နယ်၊ ကာလိမြို့ရှိ ပြည်ထောင်စုလမ်းမကြီး (၃) မိုင်အား အဆင့်မြှင့်တင်ပေးရန်နှင့် လမ်းပုခုံးသားများ ပြုပြင်ခဲ့ထွင်ပေးပါရန် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်း၍ မေးမြန်းပါသည်။	**ဆောက်လုပ်ရေးဝန်ကြီးဌာန**က ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ၂၄ ပေအကျယ် ကတ္တရာလမ်းခဲ့ခြင်း ၇ ဖာလုံ ဆောင်ရွက်ရန်လျာထားပြီး ကျန်လမ်းပိုင်းအား ကတ္တရာလမ်းခဲ့ခြင်းနှင့် လမ်းပုခုံးပြုပြင်ခြင်းကို ဖြည့်စွက်ရန်ပုံငွေမှစ၍ နှစ်အလိုက် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။